# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆/၂၀၁၁)**

**၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်**

**(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီး ပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်လာပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များအား နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို သယ်ပိုးထမ်းဆောင်ကြရသည့် လုပ်ငန်းတာဝန်နှင့်လျော်ညီသော ချီးမြှင့်ငွေနှင့် စရိတ်များ ချီးမြှင့်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေအလို့ငှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့အရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဂ) **ဦးစီးအဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဃ)တွင် ပါဝင်သော ပုဂ္ဂိုလ်များအနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်မဟုတ်သော အောက်ပါ ဦးစီးအဖွဲ့ဝင်များကို ဆိုသည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် ဦးစီးအဖွဲ့ဝင်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်တာဝန်ပေးအပ်သော တပ်မတော်သား ဦးစီးအဖွဲ့ဝင်များ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား

လူမျိုးများအနက် လူဦးရေ ၁၀၀၀၀ နှင့်အထက်ရှိသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးစီးအဖွဲ့ဝင်များ၊

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၁၀ ဦး မပြည့်သဖြင့် ရွေးချယ်ဖြည့်စွက်ခန့်ထားသည့် ဦးစီး အဖွဲ့ဝင်များ။

(ဃ) **ချီးမြှင့်ငွေ** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဦးစီးအဖွဲ့ဝင်များ ခံစားခွင့် ရှိသည့် ဤဥပဒေတွင် သတ်မှတ်သော လစဉ်ချီးမြှင့်ငွေကို ဆိုသည်။

(င) **စရိတ်** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဦးစီးအဖွဲ့ဝင်များ တာဝန်အရ ခရီးသွားလာခြင်း၊ ခရီးသွားလာစဉ် ရပ်နားခြင်း၊ တည်းခိုနေထိုင်ခြင်းနှင့် စားသောက်ခြင်း များအတွက် ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သောစရိတ်ငွေတို့ကို ဆိုသည်။

## အခန်း(၂)

## ချီးမြှင့်ငွေ

၃။ (က) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ တို့အရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်နှစ်ရပ်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည် စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လစဉ် ချီးမြှင့်ငွေ ကျပ်တစ်ဆယ်သိန်း ခံစားခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်ငါးသိန်း ခံစားခွင့်ရှိသည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်ငါးသိန်း ခံစားခွင့်ရှိသည်။

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)၊ (၃) နှင့် (၄) တို့ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ် ချီးမြှင့်ငွေ ကျပ်သုံးသိန်း ခံစားခွင့်ရှိသည်။

၄။ ပုဒ်မ ၃ ပါပုဂ္ဂိုလ်များအနက် တပ်မတော်သားဖြစ်သော ပုဂ္ဂိုလ်များသည် မိမိနှင့်သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သားအဖြစ် ခံစားခွင့်ရှိသည့် လစာတို့အနက် မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၅။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် ဤဥပဒေပါ လစဉ်ချီးမြှင့်ငွေ ခံစားနေစဉ် အတွင်း နိုင်ငံ့ဝန်ထမ်းအငြိမ်းစားလစာကိုပါ ခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိထားသူများသည် ဤကာလအတွင်း အဆိုပါနိုင်ငံရေးပင်စင်ကို ခံစားခွင့်မရှိစေရ။

## အခန်း (၃)

## စရိတ်

## တည်းခိုနေထိုင်စရိတ်နှင့် အခြားအသုံးစရိတ်

၆။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ် ၈၀၀၀ နှင့် အခြားအသုံးစရိတ် ကျပ် ၇၀၀၀ ခံစားခွင့်ရှိသည်။

၇။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခိုနေထိုင်စရိတ် ခံစားခွင့်ရှိသည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ်များသည် အစည်းအဝေးကျင်းပရာအရပ်တွင် နေထိုင်ပါက တည်းခိုနေထိုင်စရိတ် ခံစားခွင့် မရှိစေရ။

**စားသောက်စရိတ်**

၈။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ်နှစ်သောင်း ခံစားခွင့်ရှိသည်။

၉။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် အစည်းအဝေးတက်ရောက်ရသည့်ကိစ္စဖြစ်ပါက အဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ စားသောက်စရိတ် ခံစားခွင့်ရှိသည်။

**ခရီးစရိတ်**

၁၀။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရာတွင် -

(က) ခရီးစဉ်တစ်ခုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်နှုန်းများအတိုင်း ခရီးစရိတ် ခံစားခွင့်ရှိသည်။

( ခ ) အစည်းအဝေးကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေးကျင်းပရာ နေရာသို့ သွားလာရခြင်းအတွက်ကိုမူ ပုဒ်မ ၆ ပါ အခြားအသုံးစရိတ်မှ ကျခံသုံးစွဲရန် ဖြစ်သည်။

## အခန်း (၄)

## အထွေထွေ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်တွင် သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍လည်းကောင်း၊ ဦးစီးအဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍လည်းကောင်း ဤဥပဒေပါ ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့် ရှိစေရမည်။

၁၂။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များအတွက် သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

၁၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ (၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄) တို့တွင် ပါရှိသော ပုဒ်မ ၉၊ ပုဒ်မခွဲ (င) နှင့် (စ) တို့ပါ လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်း၊ ပုဒ်မခွဲ (ဆ) ပါ လုပ်ငန်းတာဝန် ဆောင်ရွက်ရန် အချက်အလက်ရှာဖွေခြင်းနှင့် ပုဒ်မခွဲ (ဇ) ပါ လွှတ်တော်ကပေးအပ်သည့် အခြား တာဝန်များကို ထမ်းဆောင်ခြင်းပြုသည့်အခါ၌လည်း ဤဥပဒေ ပုဒ်မ ၆ နှင့် ၈ တို့အရ ပြဋ္ဌာန်းထားသော စရိတ်များကို ခံစားခွင့်ရှိသည်။ သို့ရာတွင် ရွေးကောက်ခံမဟုတ်သော လွှတ်တော်ကိုယ်စားလှယ် များသည် ယင်းပုဒ်မ ၉၊ ပုဒ်မခွဲ (ဇ) အတွက်သာ ခံစားခွင့်ရှိသည်။

၁၃။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် -

(က) သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသော လစဉ် ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲ တည်းသော နိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

( ခ ) အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေးချို့ယွင်းခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ သက်တမ်းတစ်ခုတွင် လစ်လပ်

နေရာအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥပဒေအရသော်လည်းကောင်း ရွေးကောက်တင်မြှောက်ခြင်း သို့မဟုတ် တာဝန်ပေးအပ်ခြင်းကြောင့် တာဝန်ထမ်းဆောင်ရလျှင်ဖြစ်စေ ယင်းတာဝန်ထမ်းဆောင်သည့်ကာလအတွက် မိမိရရှိသော လစဉ်ချီးမြှင့်ငွေကိုအခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဂ) သက်တမ်းကာလမပြည့်မီ ကွယ်လွန်ပါက ယင်းတာဝန်ထမ်းဆောင်သည့်ကာလတွင် ရရှိခဲ့သော လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော မိသားစုနိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဃ) နိုင်ငံရေးပင်စင်တစ်ရပ်ထက်ပို၍ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိနှစ်သက်ရာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

၁၅။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်း မပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။

၁၆။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ